# မင်းသွေးသစ္စာ

အောင်တော်မှူ



# နိဒါန်း

တစ်နေ့သ၌ မြစ်ဝကျွန်းပေါ် ခရိုင်မြို့ကြီးတစ်မြို့၏ မြို့စွန်ရှိ အရိပ်အာဝသကောင်းသော သရက်ခြံကြီးအတွင်းသို့ လူရွယ်တစ်ဦး သည်ရောက်ရှိ လာလေ၏။

၎င်းသည် ခြံဝင်းထဲသို့ ခြေချမိလျှင် သရက်ပင်ပြီးတစ်ပင်ရှိ လှောင်အိမ်တွင်းမှ 'သာလိကာ' ၏ အတောင်တဖျတ်ဖျတ် ခတ်ရင်း စူးစူးရှရှနှင့်

'ကိုသုတပြန် လာပြီ၊ ကိုသုတ ပြန် လာပြီ'

ဟူ၍ အဆက်မပြတ် အော်ဟစ်သံကို ကြားလိုက်ရတော့၏။ သရက်ခြံကြီးအတွင်း၌ သေသပ်စွာ ဆောက်လုပ်ထားသော မြေစိုက်တဲကြီးတစ်လုံးရှိ၏။

သာလိကာ၏ အော်ဟစ်သံကြောင့် မြေစိုက်တဲကြီးအတွင်းမှ လှုပ်လှုပ်ရွရွဖြစ်ကာ ကလေးငယ်တစ်စုသည် ပျော်ရွှင်မြူးထူးစွာ ပြေးထွက်လာပြီး

'ကိုကြီးသုတ ပြန် လာပြီ၊ ကိုကြီးသုတ ပြန် လာပြီ'

ဟု ဆီးကြိုနှုတ်ဆက်ကြပြန်၏။

ရုတ်ခြည်းပင် သုတဟူသော လူရွယ်အနီးသို့ ကလေးငယ်လေးယော

က်က ဝိုင်းအုံရောက်ရှိလာကြ၏။

ထိုအထဲမှ အသက် (၁၂)နှစ်ခန့် အကြီးဆုံးကလေးဖြစ်သူ ‘ရွှေခဲ’ ဟူသော ကောင်လေးက ‘သုတ’ ၏ ခရီးဆောင်အိတ်ကြီးကို မနိုင်မနင်းဆွဲယူလိုက်စဉ် အသက် ( ၆)နှစ်ခန့် အငယ်ဆုံးက လေး ဖြစ်သူ ‘ငွေခဲ’ ဟူသော ကောင်လေးက သုတ၏ လက်မောင်းတစ်ဖက် ကိုခိုတွယ်ကာ

‘ကိုကြီးသုတ ပြန်လာရင် မုန့်တွေအများကြီး စားရတော့မယ်’

ဟု အော်ဟစ်လေ၏။

ထိုအခါ အသက် ( ၁၀) နှစ်ခန့် ‘ရွှေမုံ’ဟူသော မိန်းကလေး ငယ်ကသူ၏ ခါးကိုဖက်၍

‘ညရောက်ရင် ငါတို့ အားလုံးပုံပြင်တွေ နားထောင်ရတော့မယ်’

ဟု ဝမ်းသာအားရ ပြောလေ၏။

အသက် (၈)နှစ်ခန့်ငွေပုံဟူသော မိန်းကလေးငယ်ကမူ သုတ၏ ကျန်လက်မောင်းတစ်ဖက်ကို ငွေခဲနှင့်အပြိုင်ခိုတွယ်ရင်း

‘ကိုကြီးသုတ၊ ငွေပုံတို့ မအိပ်ခင် တယောထိုးပြီး သီချင်းဆိုပြရမယ်နော်’

ဟု ပူဆာလေတော့၏။

ထိုအခိုက် ခရီးဆောင်အိတ်ကြီးကို မနိုင်မနင်း ဆွဲယူနေသော ‘ရွှေခဲ’ က ကျန်ကလေးများကို

‘နင်တို့လိုချင်တာတွေချည်း ပြောမနေကြနဲ့ ၊ ကိုကြီးသုတ ခရီးမထွက်ခင် ဘာတွေမှာ ခဲ့သလဲဆိုတာ သတိရကြစမ်း’

ဟု မာန်မဲဟန်နှင့် ပြောလိုက်၏။

ရွှေခဲ၏ စကားဆုံးလျှင် ကလေးများ သည် ငြိမ်သက်သွားကြ၏။ မကြာမီ ကလေးများအားလုံးသည် သုတ၏ ရှေ့တွင် စီစီရီရီ ရပ်တန့်ကာ သံပြိုင်ပင်

'ပညာကင်းဘိ၊ မနိုင်းညှိဘဲ

ဇာတိပုည၊ ဗဟုတ္တဖြင့်၊

မာနအရာ၊ ကဲမိုးစွာလျက်၊

ငါသာမင်းဟူ၊ ပဇာတူဟု

အယူမောက်ကြွား၊ မထောင်လွှားနှင့်

တောင်ကားမြင့်ကြီး၊ မီးကားရှိန်ပူ

သံမူမာကျော၊ ဘက်မဲ့သောဟု

ရေကြောသတ္တိ ၊ မသိ၍ သာ

ကြိမ်းပရာသို့၊ ပမာပုံနှီး

မာန်မူကြီး၍ ၊တောင်မီးသံလား၊

မကြိုးဝါးလင့်၊ ရေအားတွေ့ကြုံ၊

ဝဲဟုန်မွှေး၍ ၊ တိုက်ဖွေ့သောအခါ

မကြာမတင်၊ အလျှင်သဖြင့်

တောင်မြင့်မီးပူ၊ သံမာမူလည်း

မြူသာဖြစ်၍ စင်စစ်ကြေမွ၊

ဖျောက်ဖျက်ရ၏။

ဘဝင်မမြင့်ကြပါနှင့်’

ဟူ၍ ‘မာဃဒေဝ’ ထဲမှ လေးချိုးသံပေါက်တစ်ပုဒ်ကို ရွတ်ဆိုကြ၏။

ထိုအခါ သုတသည် မိန့်မိန့်ကြီးပြုံးလျက် မျက်လုံးကို မှေးစင်းကာ နားစိုက်ထောင်နေလေ၏။ ထို့နောက်မှ သုတသည် ခေါင်းထက်ရှိ သက္ကလတ်ဦးထုပ်ဟောင်းကြီးကို ချွတ်၍ ဝှေ့ယမ်းကာ ကလေးများအား

‘မင်းတို့ သိပ်တော်တယ်၊ အဲဒီအတွက် ဓားလွီးမုန့်တွေ တဝကြီးစားရမယ်၊ အဝတ်သစ်တစ်စုံစီလည်း ရဦးမယ်’

ဟု ပြော လိုက်လေ၏။

ထို့နောက်သုတသည် ကလေးတစ်ပြုံကြီးခြံရံကာ မြေစိုက် တဲကြီးအတွင်းသို့ ရောက်ရှိလာ၏။

က လေ းမ ျား မ ှာ သုတကျွေးမွေးသော ဓားလွီးမုန့်များကို တပျော်တပါး စားသောက်နေကြချေပြီ။ သူတို့ အတွက် ရရှိသော အဝတ်အစားသစ်များကို ဝတ်ဆင်ကြည့်နေကြချေပြီ။

သုတမှာ မူ တဲအပြင်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။ သူ၏ မျက်နှာမှာ ကလေးများ နှင့် တွေ့ဆုံစဉ် ကလိုမဟုတ်ဘဲ တစ်စုံတစ်ရာသော စိတ်ဖိစီးမှုများ နှင့် အုံ့မှိုင်း၍ နေ၏။

‘သုတ’ သည် တဲပြင်ရှိ ကွပ်ပျစ်ထက်တွင် ထိုင်၍ ကလေးငယ်များ၏ ရယ်မောပျော်ရွှင်သံများကို နားစွင့်ပြီး သက်ပြင်းချကာ

‘အင်း … မင်းတို့ ဟာ ငါနဲ့ အတူ နေထိုင်ခဲ့တာ သုံးနှစ်တင်းတင်း ပြည့်ခဲ့ပြီ၊ တစ်ချိန်လုံး ငါဟာ မင်းတို့ အပေါ် နွေးထွေးတဲ့ မေတ္တာအပြည့်နဲ့

စောင့်ရှောက်ခဲ့တယ်၊ သွေးသားမတော်စပ်ပေမဲ့ သွေးရင်းတွေလို တစ်ယောက်နဲ့ တစ်ယောက် မိသားစုလို ချစ်ခင်ခဲ့ကြတယ်၊ ဒါတွေဟာ တို့အတွက် ကံကြမ္မာရဲ့ အလိုအတိုင်းပါပဲ၊ မကြာခင် မင်းတို့ နဲ့ ငါရဲ့ ကြားက သံယောဇဉ်ကြိုးတွေကို ဖြတ်တောက်ရတော့မယ် ထင်တယ်၊ ဒါဟာလည်း ငါ့ရဲ့ အတိတ်က မိုက်မဲမှုတွေကြောင့်ဖြစ်ပေါ် လာခဲ့ရတာပဲ၊ အဲဒီအကျိုးဆက်ကတော့ မင်းတို့ နဲ့ ခွဲခွာပြီး မိုက်ပြစ်အတွက် ပေးဆပ်ရတော့မယ်' ဟု ရေရွတ် လိုက်လေ၏။

သုတသည် ထိုသို့ရှိနေစဉ် ခြံတွင်းသို့ တရွေ့ရွေ့ လှမ်းဝင် လာသော မိန်းမပျိုတစ်ဦးကိုမြင်တွေ့ရ၏။ ထိုအခါ လှောင်အိမ်တွင်းမှ သာလိကာကလည်း

'မပန်းမွှေး လာပြီ၊ မပန်းမွှေး လာပြီ'

ဟု အော်ဟစ်၍ ဆီးကြိုလေ၏။

မပန်းမွှေး၏ ပါးလျသော ကိုယ်ခန္ဓာလေးက လေတိုက်တိုင်းယိမ်းနွဲ့နေသလိုထင်ရ၏။ သူမ၏ မျက်နှာမှာ အခြယ်အသကင်းရှင်းပြီး ရှည်လျားနက်မှောင်သော ဆံပင်တို့ ကိုသေသပ်စွာ တစ်ပတ်လျှိုထုံးနှောင်ထား၏။

ပင်နီရင်စေ့အင်္ကျီနှင့် ယောထဘီအနက်ကို ဝတ်ဆင်ထားသော သူမ၏ မြန်မာဆန်ဆန်လှပမှုက အဝေးမှ ပင် မြင်သာ၏။

သုတသည် မပန်းမွှေးကို ရီဝေစွာ စူးစိုက်ကြည့်ရင်း ဒုတိယအကြိမ် သက်ပြင်းချမိပြန်ကာ

'မိန်းကလေးရယ် ... မင်းဟာ ငါ့ရင်ထဲက ကလေးတွေနဲ့ အတူ ခိုင်ခိုင်မာမာ ရစ်ပတ်တွယ်နေတဲ့ သံယောဇဉ်ကြိုးတစ်မျှင်ပါ၊ မင်းအတွက်

တော့ ငါဟာ ရိုးသားပြီး ရဲဝံ့တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်အဖြ စ် သတ်မှတ်ထားလိမ့်မယ်၊ ဒါကြောင့်လည်း မင်းရဲ့ အချစ်တွေကို ငါ့ဆီကြည်ကြည်ဖြူဖြူ အပ်နှံခဲ့တာပေ့ါ၊ တကယ်လို့ များ ငါ့ရဲ့ အတိတ် က အရိုပ်ဆိုးကြီးကိုများ မင်းသိသွားခဲ့ရင် အခုလိုချစ်နိုင်ပါဦးမလား၊ ငါ့ ကို အထင်ကြီးလေးစားစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်လို့ သ တ်မှတ်နိုင်ပါ့ဦးမလား၊ ဘယ်လိုပဲဖြစ်ဖြစ် ငါဟာမင်းကို ဟောဒီက က လေးတွေနဲ့ အတူ စွန့်ပစ်ခဲ့ရတော့မယ်၊ မင်းတို့ နဲ့ အဝေးဆုံးနေရာကို ထွက်ခွာသွားရတော့မယ်'

ဟု ကြေကွဲဆို့နစ်စွာ ရေရွတ်မိပြန်၏။

မပန်းမွှေးသည် သုတ၏ အရိပ်အကဲကို ကောင်းစွာ နားလည်သူ ဖြစ် ၏။ သူမသည် သုတ၏ မျက်နှာထက်မှ ခံစားမှု အရိပ်မည်းမည်းများကို မြင်တွေ့လျှင် စိုးရိမ်စိတ်ဖြင့် အနီးသို့ခပ်သွက်သွက် လှမ်းလာ၏။

ပြီးလျှင် မပန်းမွှေးက သွယ်လျသော လက်ကလေးဖြင့် သုတ၏ လ က်မောင်းကို ဆုပ်ကိုင်ကာ

'အစ်ကို ဘာဖြစ်နေတာလဲ၊ ဒီတစ်ခေါက် ခရီးထွက်ရာက ပြန်လာ တာ တစ်ခုခုအတွက် စိတ်သောက ရောက်ခဲ့ပုံရတယ်'

ဟု မေးမြန်းလေ၏။ သုတက မည်သည့်စကားမျှ မဆိုသေးဘဲကော င်းကင်ပြင်မှ ဝင်လုဆဲဆဲနေရောင်ကို အဓိပ္ပာယ်မဲ့ ရီဝေစွာ ကြည့်ရှုပြီး

'လူတစ်ယောက်အတွက်ကံကြမ္မာ ဆိုးတွေဟာ တစ်နေ့နေ့မှာ ဘယ် လိုမှ ရှောင်လွဲလို့ မရအောင် ကျရောက်လာတတ်တယ်၊ အစ်ကို့အတွက် ကံကြမ္မာဆိုးဆိုတာကလည်း အစ်ကိုရဲ့ အသက်ကို ချွေယူသွားမယ် ဆိုရ င်တောင် မမှုပါဘူး၊ အခုတော့ အစ်ကို မင်းတို့ နဲ့ ချစ်လျက်နဲ့ ခွဲခွာသွားရ တော့မယ်'

ဟု ပြောလိုက်ရာမပန်းမွေးသည် တစ်ကိုယ်လုံးဓာတ်လိုက်သူလို တုန်ယင်သွား၏။

သူမအတွက် မမျှော်လင့်သောစကားကို ကြားလိုက်ရလေရာ မျက်လုံးကလေး ဝိုင်းစက်ပြီး

'အစ်ကို၊ ကျွန်မကိုနောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော်၊ အစ်ကိုဟာ ဘယ်တော့မှ နောက်ပြောင်တတ်တဲ့ သူ မဟုတ်ဘူး ဆိုတာ ကျွန်မသိတယ်၊ ဘယ်လိုကံကြမ္မာဆိုးတွေကများ ကျွန်မတို့ ရဲ့ ပျော်ရွှင်မှုတွေကို ဆိတ်သုန်းစေမှာ လဲ၊ ဘယ်လိုပဲဖြစ်ဖြစ် အရာအားလုံးကို ကျွန်မ အစ်ကိုနဲ့ တူ ရင်ဆိုင်ဖြေရှင်းဝံ့ပါတယ်'

ဟု ဆိုလေ၏။ သုတသည် ခေါင်းကိုခါယမ်းရင်း မပန်းမွေးကိုကရုဏာသက်စွာ ကြည့်ရှုကာ

'အပူဆိုတာ လောင်မြိုက်တတ်တယ်၊ လောင်မြိုက်သူဟာလည်း ကူးစက်တတ်တယ်ဆိုတာ အမှန်ပါ လား၊ အခုတောင် အစ်ကို့ရင်ထဲက အပူတွေ မင်းကို ကူးစက်လောင်မြိုက်ခြင်းက စတင်နေပြီ၊ နောင်ဆိုရင် ဒီထက်ပိုပြီး ဆိုးဆိုးရွားရွား ခံစားရရှာတော့မယ်၊ အဲဒီ အပူမီးတွေကို ငြိမ်းသတ်ဖို့ မပန်းမွေး ရဲ့ ရင်ထဲကနေ အစ်ကို့ကို ထုတ်ပယ်ပစ်လိုက်ပါ၊ အစ်ကိုတို့ ရဲ့ အချစ်ဇာတ်လမ်းက ဒီနေရာမှာ တင် ရပ်တန့်သွားပါပြီ၊ ဒါဟာ အစ်ကို အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ရွေးချယ်ထားတဲ့ လမ်းပါပဲ'

ဟု ပြောလေ၏။ မပန်းမွေးမှာ မူ တဖြည်းဖြည်း မျက်နှာကလေးဖျော့တော့လာကာ သူ၏ လက်မောင်းကို ကိုင်လှုပ်ပြီး

'အစ်ကိုပြောတာတွေကျွန်မ ဘာမှ နားမလည်ဘူး၊ တကယ်ဆိုရင်လ

ည်း ကျွန်မတို့ ရဲ့ သံယောဇဉ်ကို ဘယ်အရာနဲ့ မှ ပျက်စီးအောင် လုပ်လို့ မရပါဘူး၊ ပျော်ရွှင်ကြည်နူးမှုပဲဖြစ်ဖြစ်၊ ဆင်းရဲပူပန်မှုတွေပဲ ဖြစ်ဖြစ် ချစ်သူ နှစ်ဦးမျှဝေခံစားမှု အချစ်ရဲ့ အဓိပ္ပာယ် ပြည့်ဝမှာ ပေါ့၊ အစ်ကို့ရဲ့ တစ်ဖက်သတ်ဆုံးဖြတ်ချက် ဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူး၊ အစ်ကို ဘာကြောင့် အဲဒီလိုဆုံးဖြတ်လိုက်ရတာလဲဆိုတာ ကျွန်မကိုပြောစမ်းပါ'

ဟု တောင်းဆိုလေ၏။ သုတက မပန်းမွှေးနှင့်မျက်လုံးချင်းဆုံအောင်ကြည့်ကာ

'အစ်ကို ပြောပါ့မယ်၊ ညရောက်ရင် တို့ အတွက် လုပ်ရိုးလုပ်စဉ် မီးပုံပွဲကလေး လုပ်ကြမယ်၊ ဟောဒီက ချစ်စရာ၊ သနားစရာကောင်းတဲ့ ကလေးငယ်တွေနဲ့ အတူ တပျော်တပါး စားသောက်ကြမယ်၊ ပြီးရင် အစ်ကိုရဲ့ ကံကြမ္မာဆိုးကြီးအကြောင်းကို မပန်းမွှေးသိရမှာ ပေါ့'

ဟု ကတိပေးလိုက်၏။

ပျောက်ကွယ်လုဆဲဆဲ နေလုံးကြောင့် အမှောင်ထုက တဖြည်းဖြည်း ချင်းနင်းဝင်ရောက်လာ၏။

မပန်းမွှေးသည် ချစ်သူကိုအမှောင်ထဲတွင် ပျောက်ကွယ် သွားမည်စိုးသည့်အလား ချစ်သူ၏ လက်မောင်းကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားဆဲသာရှိ၏။

*****